ဇန်နဝါရီလ 29 ရက်၊ 2024




DeKalb ကောင်တီ၌ ကျောင်းခရိုင် နှစ်ခု ရှိပါသည် - Decatur မြို့တော် စာသင်ကျောင်းများ (City Schools of Decatur) နှင့် DeKalb ကောင်တီကျောင်းခရိုင် (DCSD) တို့ ဖြစ်သည်။

DCSD သည် နေ့စဉ် ကျောင်းတက်ရက်များတွင် ကျောင်းသားများ အားလုံးအတွက် ကျန်းမာ၍ အဟာရပြည့်ဝသော အစားအစာများကို တည်ခင်းကျွေးမွေးသည်။ ကျောင်းသားတစ်ဦးချင်းစီ၏ ငွေပေးချေနိုင်စွမ်း မည်သို့ပင်ဖြစ်ပါစေ သို့မဟုတ် ၎င်းတို့၏ ကုန်ကျစရိတ် အကောင့်အတွင်း လက်ကျန်ငွေစာရင်း မည်မျှပင်ဖြစ်ပါစေ တစ်စုံတစ်ရာ အစားထိုးမှုများ သို့မဟုတ် မီနူး ရွေးချယ်စရာများတွင် အပြောင်းအလဲ ပြုလုပ်မှုများ မရှိဘဲ ၎င်းတို့အတွက် ဤစံနမူနာ မနက်စာ၊ နေ့လည်စာ နှင့် သရေစာ ရွေးချယ်စရာများ ရရှိစေနိုင်ရန် ပံ့ပိုးဆောင်ရွက်မှုသည် ၎င်း၏ စာသင်ကျောင်းများ၌ ကျင့်သုံးဆောင်ရွက်လျက်ရှိသည်မှာ ရေရှည်ကာလကြာပြီဖြစ်သည့် အလေ့အကျင့်တစ်ခုပင် ဖြစ်သည်။

ပေးဆောင်သည့် အစားအစာ ကုန်ကျစရိတ်များကို မှတ်တမ်းတင်ထားပြီး နေ့လည်စာ ပေးချေသွားသည့် မိသားစုများက အပတ်စဉ် လက်ကျန် အသိပေးချက်များကို လက်ခံရရှိပါသည်။ စာသင်နှစ်တစ်လျှောက်လုံး ငွေပေးချေမှုများ ပြုလုပ်နိုင်ပါသည်။

DCSD တွင် အခမဲ့နှင့် လျှော့စျေး အစားအစာများ အတွက် ကျောင်းသား 82% ကျော် အကျုံးဝင်ပါသည်။ ခရိုင်သည် ထူးခြားသော ငွေပေးချေမှု အစီအစဉ်များ၊ အသိုင်းအဝိုင်းရန်ပုံငွေများ သို့မဟုတ် အစားအစာအားလုံးကို ပေးချေပေးသည့် သို့မဟုတ် လျှော့စျေးပေးသည့် အစိုးရ အစီအစဉ်များကို ပေးဆောင်ခြင်းဖြင့် ကျေနပ်မှုရှိစေရန် မိသားစုများနှင့် လက်တွဲလုပ်ဆောင်ရန် ကတိပြုပါသည်။

စပိန် ဘာသာပြန်ဆိုချက်အား ကြည့်ရှုရန် -
https://dekalbschoolsga.blob.core.windows.net/wpcontent/2024/01/Spanish_2024-01-25-DCSD-School-Meals-Charging-Policy-Explained.pdf

BURMESE

DeKalb County
School District

ခရိုင် 6 မြို့တော်ခန်းမ

# ကျွန်ုပ်တို့၏ ပညာသင်များအား အကာအကွယ်ပေးခြင်း

ကျောင်း လုံခြုံရေးဆိုင်ရာ စကားဝိုင်းဆွေးနွေးချက်










ကြာသပတေးနေ့
ဖေဖော်ဝါရီလ 29 ရက်၊ 2024

ညနေ 5:30 နာရီ မှ
ည 7:30 နာရီ အထိ

Stone Mountain
အထက်တန်းကျောင်း
4555 Central Drive,
Stone Mountain၊ GA 30083

**အထူးဧည့်သည်များ -**

ကြားဖြတ်ကာလ ဦးစီးချုပ် Larry Wright

Darnell Logan
*လုံခြုံမှုရှိသော စာသင်ကျောင်းများ နှင့် ကျောင်းသား ဆက်ဆံရေးများ*

Dr. Kishia Towns
*ဦးစီးအရာရှိ ပတ်ပတ်လည် အစုံအလင်ပါဝင်သော ဝန်ဆောင်မှုများ*

**အိမ်ရှင်-**

Mr. Diijon DaCosta, Sr.
*ဘုတ်အဖွဲ့ ကိုယ်စားလှယ် (ခရိုင် 6)*




အသစ်သော Sequoyah အလယ်တန်းနှင့် အထက်တန်းကျောင်းနှင့် ပတ်သက်သည့် အစီအစဉ်များအား ချပြမည့် ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှု အထူး တွေ့ဆုံဆွေးနွေးပွဲအတွက်ဂှာ ကြာသာပတေးနေ့၊ ဖေဖော်ဝါရီလ 1 ရက်နေ့၊ ညနေ 6 နာရီအချိန်၌ Sequoyah အလယ်တန်းကျောင်းတွင် ကျွန်ုပ်တို့နှင့်အတူ လာရောက်ပါဝင်လှည့်ပါ။ သင်၏ မိတ်ဆွေများ၊ အိမ်နီးချင်းများ နှင့် မိသားစုအား ခေါ်ဆောင်လာခဲ့ပါ။




DCSD 2024 Mix & Mingle ရောစပ်ပေါင်းယှက်စို့ အစီအစဉ် (အင်္ဂလိပ်/စပိန်ဘာသာ)

https://www.youtube.com/watch?v=kIv0c6pNlzU




**သင်၏ အသံ၊ ကျွန်ုပ်တို့၏ အနာဂတ်။**

DeKalb ကောင်တီခရိုင်ကျောင်းသည် ကျွန်ုပ်တို့၏ 2024-2029 မဟာဗျူဟာ စီမံကိန်းကို ရေးဆွဲရန်အတွက် ခရီးစတင်နေပြီး ကျောင်းသားများ၊ မိဘများ၊ ဝန်ထမ်းများနှင့် အသိုင်းအဝိုင်းအဖွဲ့ဝင်များအားလုံးကို ကျွန်ုပ်တို့၏ကျောင်းများနှင့် အသိုင်းအဝိုင်းအတွက် အမြင်များကို ပုံဖော်ရာတွင် အထောက်အကူဖြစ်စေရန် ကျွန်ုပ်တို့ တောင်းဆိုထားပါသည်။

မဟာဗျူဟာစီမံကိန်း သက်ဆိုင်သူအစုအဖွဲ့ စစ်တမ်း ကိုရယူရန် ကျေးဇူးပြု၍ အောက်ပါပုံရှိ QR ကုဒ်ကို စကင်န်ဖတ်ပါ သို့မဟုတ် https://bit.ly/3SdUJq3 သို့ ဝင်ရောက်ကြည့်ရှုပါ။

အတူတကွဖြင့် ကျွန်ုပ်တို့သည် ရှုပ်ထွေးမှုများရှိသော အနာဂတ်တွင် ပြောင်းလဲမှု ပြုလုပ်သူများ ဖြစ်ပါသည်။ စကားဝိုင်းတွင် ပါဝင်ပြီး ကျွန်ုပ်တို့အားလုံး ယုံကြည်ထားသည့် အနာဂတ်ကို ပုံဖော်ကြပါစို့။



ပညာရေး၏ အရေးအကြီးဆုံးသော အစိတ်အပိုင်းများထဲမှ တစ်ခု အပါအဝင်ဖြစ်သည့် ဤပွဲတွင် ပါဝင်တက်ရောက်ရန် ရပ်ရွာအဖွဲ့အစည်း အဖွဲ့ဝင်များ အားလုံးအား DCSD မှ ဖိတ်ကြားအပ်ပါသည် - အခွန်ဒေါ်လာ သုံးစွဲခြင်း။

E-SPLOST (ပညာရေး အထူးရည်ရွယ်ချက် ဒေသရွေးချယ်မှု အရောင်းခွန်) အကြံပေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် လျှောက်ထားရန် အများပြည်သူအား ဖိတ်ကြားအပ်ပါသည်။ လျှောက်လွှာများအား သောကြာနေ့၊ ဖေဖော်ဝါရီလ 16 ရက်၊ 2024 အထိ တင်သွင်းနိုင်ပါသည်။

E-SPLOST အကြံပေးကော်မတီသည် နိုင်ငံသားထည့်သွင်းမှုကို ပံ့ပိုးပေးပြီး၊ E-SPLOST ဝင်ငွေဖြင့် ပေးဆောင်သော မဲဆန္ဒရှင် အတည်ပြုထားသော ပရောဂျက်စာရင်းကို ပြန်လည်သုံးသပ်ပါသည်။ ကော်မတီတွင် လူထုအဖွဲ့ဝင်များပါဝင်ပြီး DCSD မှ DeKalb ကောင်တီ ရပ်ရွာ အသိုင်းအဝိုင်းသို့ ပွင့်လင်းမြင်သာမှုနှင့် ဆက်သွယ်မှုအားထိန်းသိမ်းထားရန် ဘုံရည်မှန်းချက်ကို အတူမျှဝေလုပ်ဆောင်ပါသည်။

လျာထားခံရသူကိုယ်စားလှယ်လောင်းများသည် DCSD နယ်နိမိတ်အတွင်း အခြေချနေထိုင်သူများ ဖြစ်ရမည် ဖြစ်သည်။ အသင်းဝင်များသည် DeKalb ကောင်တီ ပညာရေး ဘုတ်အဖွဲ့ဝင်များ၊ DCSD ဝန်ထမ်းများ၊ သို့မဟုတ် DCSD စီမံကိန်းများထဲတွင် အကျိုးစီးပွား တစ်ခုခုအတွက် စိတ်ဝင်စားသူများ မဖြစ်သင့်ပါ။ စာရင်းကိုင်၊ ဗိသုကာ၊ စာရင်းစစ်၊ ဆောက်လုပ်ရေး၊ စက်မှုအင်ဂျင်နီယာ၊ ဘဏ္ဍာရေး၊ K-12 ပညာရေး၊ ဥပဒေ၊ စီမံကိန်း၊ လုပ်ငန်း စီမံခန့်ခွဲမှု နှင့်/သို့မဟုတ် အိမ်ခြံမြေလုပ်ငန်းရှင် အတွေ့အကြုံရှိရပါမည်။


ထို့ပြင် လျာထားခံရသူကိုယ်စားလှယ်လောင်းများသည် လစဉ် တွေ့ဆုံဆွေးနွေးပွဲများ တက်ရောက်ရန် နှစ်နာရီကြာ အချိန်ပေးနိုင်ရမည် ဖြစ်သည်။ ဤအစည်းအဝေးများကို များသောအားဖြင့် ညနေပိုင်းတွင် ပြုလုပ်လေ့ရှိသည်။ အကယ်၍ ရွေးချယ်ခံရပါက နောက်ခံစစ်ဆေးခြင်း နှင့် ဖော်ထုတ်ခြင်း-မပြုလုပ်သော သဘောတူညီချက်ကို လက်မှတ်ထိုးရပါမည်။

Georgia ၏အကြီးဆုံး ခရိုင်ကျောင်းတစ်ခုတွင် နောက်ကွယ်တွင်အလုပ်လုပ်ရန် ဤအခွင့်အရေးကောင်းအတွက် အွန်လိုင်းဖြင့်လျှောက်ထားခြင်းမှာ လွယ်ကူပါသည်။ သင့် အချက်အလက်များအား တင်သွင်းရန်အတွက် ဤတွင် ကလစ်နှိပ်လိုက်ရုံသာ ဖြစ်သည်။




DCSD 2024 နည်းပညာ ပြပွဲ (အင်္ဂလိပ်/စပိန်ဘာသာ)

https://www.youtube.com/watch?v=8I1oeCLvwtk




Briarlake မူလတန်းကျောင်း၏ စာသင်ကျောင်း သရုပ်ပြရုပ်ပုံနှင့် မီဒီယာဆိုင်ရာ အနုပညာ ဆရာတစ်ဦးဖြစ်သည့် Dr. Amy Sery သည်  ပရိဘောဂ ပြုလုပ်သူ KI ထံမှ နိုင်ငံတော်အဆင့် စာသင်ခန်း ပရိဘောဂ လက်ဆောင်ပေးအပ်ခြင်း အစီအစဉ်တွင် နောက်ဆုံးကျန်ရှိသူ 12 ဦးထဲမှ တစ်ဦး အပါအဝင်ဖြစ်သည့်အတွက် ဂုဏ်ပြုအပ်ပါသည်။ Dr. Sery အား ပံ့ပိုး၍ Briarlake လူငယ် အနုပညာရှင်များ အားလုံးနှင့် သက်ဆိုင်သော နေရာတစ်ခုအား ကူညီဖန်တီးနိုင်ရန်အတွက် Dr. Sery ၏ စာသင်ခန်း ဒီဇိုင်းပုံစံအား မဲပေး၊ ကြည့်ရှုရန် အောက်ပါလင့်ခ်အား ကလစ်နှိပ်ပါ။ မဲပေးမှုသည် ဇန်နဝါရီလ 31 ရက်နေ့တွင် အဆုံးသတ်မည် ဖြစ်သည်။

https://www.ki.com/insights/markets/k-12-education/learning-space-design-competition/2024/#eastern




အခမဲ့ Edulog Parent Portal အက်ပ်ကို ဒေါင်းလုဒ်လုပ်ရန် မိဘများနှင့် အုပ်ထိန်းသူများကို တိုက်တွန်းအပ်ပါသည်။ အက်ပ်အား အသုံးပြုခြင်းအားဖြင့် မိဘများ၊ အုပ်ထိန်းသူများတို့သည် မိမိတို့ကလေး၏ ဘတ်စ်ကားအား လက်တွေ့ တစ်ချိန်တည်း မြေပုံပေါ်တွင် လိုက်ပါကြည့်ရှုနိုင်မည် ဖြစ်ပြီး၊ ဘတ်စ်ကားဂိတ်၊ စာသင်ကျောင်း သို့မဟုတ် မိမိစိတ်ကြိုက် သတ်မှတ်ထားသော နေရာတစ်ခုအနီးသို့ ဘတ်စ်ကား ရောက်ရှိချိန်အား အချိန်နှင့်တစ်ပြေးညီ အသိပေးအကြောင်းကြားချက်များ ရရှိနိုင်ပေမည်။ မိဘများနှင့် အုပ်ထိန်းသူများသည် ၎င်းတို့၏ကလေးအတွက် သီးသန့်ဒေတာဖြင့် မှတ်ပုံတင်ခြင်းဖြင့်သာလျှင် ဝင်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ သင့်တွင် Edulog အက်ပ်နှင့်ပတ်သက်၍ မေးခွန်းများ သို့မဟုတ် စိုးရိမ်မှုများရှိပါက၊ ကျေးဇူးပြု၍ DCSD သယ်ယူပို့ဆောင်ရေး ထံသို့ (678) 676-1305 တွင် ခေါ်ဆိုဆက်သွယ်ပါ။ နောက်ထပ်သော အချက်အလက်များအတွက် ဤတွင်ကလစ်နှိပ်ပါ။





တပ်ဖွဲ့ ယှဉ်ပြိုင်ပွဲ - Tucker အထက်တန်းကျောင်း

https://www.youtube.com/watch?v=jhNeAdBodQY




ယခင်ပညာရေးဘုတ်အဖွဲ့ မြို့တော်ခန်းမ အစည်းအဝေးများမှ ဗိုင်ယာလော့ခ်ကို ကြည့်ရှုရန်၊ ကျေးဇူးပြု၍ ဤလင့်ခ်ကိုနှိပ်ပါ - https://www.dekalbschoolsga.org/students/d3-dialogue-with-district-leaders/

အစည်းအဝေးမှတ်တမ်းများကိုကြည့်ရှုရန် ကျေးဇူးပြု၍ ဤလင့်ခ်ကိုနှိပ်ပါ - https://vod.dekalbschoolsga.org/CablecastPublicSite/gallery/7?channel=1



DCSD Music Matters (အရေးကြီးသည့် ဂီတ) - အပိုင်း 8 - Arabia Mountain HS
https://www.youtube.com/watch?v=FtRoDGbTNS8



## အလင်းထွန်းလင်းစေခြင်း SHINE A LIGHT)

## တိုက်ပွဲများကို အဆုံးသတ်ပါ (END THE FIGHT)

### လူကုန်ကူးမှုကို ရပ်တန့်ပါ (STOP HUMAN TRAFFICKING)

ဇန်နဝါရီ 11 ရက်၊ 2024 ~ ဇန်နဝါရီ 31 ရက်၊ 2024



ဇန်နဝါရီလကို လူကုန်ကူးမှုအား တားဆီးကာကွယ်ရေး လ အဖြစ် သတ်မှတ်ခဲ့သည်။ ကျောင်းခရိုင်တစ်ခုအနေဖြင့် ကျွန်ုပ်တို့သည် "တိုက်ပွဲများအား အဆုံးသတ်ရန်/ လူကုန်ကူးမှုအား ရပ်တန့်ရန် အလင်းထွန်းလင်းတောက်ပသွားမည်" ဖြစ်သည်။ ကျွန်ုပ်တို့၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အဖွဲ့သည် ကျွန်ုပ်တို့၏ ကျောင်းသားများ၊ မိဘများ၊ ရပ်ရွာ သက်ဆိုင်သူများနှင့် ဝန်ထမ်းများ အားလုံးအတွက် လှုပ်ရှားမှုများကို ပြုလုပ်ပြင်ဆင်ပေးထားပါသည်။ ထပ်မံလေ့လာရန် ဤနေရာတွင် . နှိပ်ပါ။

ပြီးခဲ့သည့်အပတ်က Community Partnerships Mix & Mingle သို့ တက်ရောက်ခဲ့ကြသူတိုင်းအား ကျေးဇူးတင်ပါသည်။ အရေးပါသော ဆွေးနွေးမှုတွင် သင်၏ ပူးပေါင်းပါဝင်မှုသည် လုပ်ဆောင်စေရန်များကို ကျွန်ုပ်တို့အား သွေးပူလာစေပါသည်။ ဤဖြစ်ရပ်မှ နောက်ထပ်သော ဓါတ်ပုံများကို ကြည့်ရှုရန် ဤနေရာတွင် နှိပ်ပါ။

**လွတ်လပ်သော ကျောင်းရွေးချယ်မှု စာရင်းသွင်းခြင်း ဖွင့်လှစ်ခြင်း**

**ဇန်နဝါရီ 5 ရက် - ဖေဖော်ဝါရီ 9 ရက်၊ 2024 ခုနှစ်**




## အစီအစဉ်များ

- Arabia Mountain အထက်တန်းကျောင်းရှိ Career Pathways
- Coralwood-Hawthorne Partnership
- ဘာသာစကားနှစ်မျိုး သင်တန်းသွင်းခြင်း (Dual Language Immersion)
- အောက်လွှတ်တော်ဥပဒေကြမ်း 251 (House Bill 251)
- International Baccalaureate (IB)
- Montessori
- Dr. Ronald E. McNair Discovery Learning Academy သင်ယူလေ့လာမှုဆိုင်ရာ အကယ်ဒမီ
- အထက်လွှတ်တော်ဆီနိတ် ဥပဒေမူကြမ်း 10 (Senate Bill 293)
- အထူး စိတ်ဝင်စားမှု (Special Interest Magnet)
- မြင့်မားသောအောင်မြင်သူများ (High Achievers Magnet)
- ခေါင်းစဉ်

## အရေးကြီးနေ့စွဲများ

- ဇန်နဝါရီ 5 ရက်၊ 2024 - လွတ်လပ်သော စာရင်းသွင်းမှု ဖွင့်လှစ်ခြင်း
- ဖေဖော်ဝါရီ 9 ရက်၊ 2024 - လွတ်လပ်သော စာရင်းသွင်းမှု ပိတ်ခြင်း
- မတ်လ 29 ရက်၊ 2024 - ကံစမ်းမဲ ရလဒ်များ ထုတ်လွှင့်ခြင်း
- ဧပြီလ 1 ရက်၊ 2024 - နောက်ကျသော လျှောက်လွှာများ ဝင်းဒိုး ဖွင့်လှစ်ခြင်း
- ဩဂုတ်လ 30 ရက်၊ 2024 - နေရာချထားမှုအတွက် နောက်ဆုံးရက်

## လိုအပ်သော စာရွက်စာတမ်းများ

- DCSD ကျောင်းသား ID နံပါတ်
- မွေးစာရင်းအထောက်အထား
- နေထိုင်ခွင့် သက်သေ
- ရွက်ကြွေရာသီ 2023 ကျောင်းသားမှတ်တမ်း အစီရင်ခံစာ

## အပိုဆောင်း စာရွက်စာတမ်းများ

- MAP ရမှတ်
- လျှောက်လွှာ စစ်ဆေးခြင်း
- IB လျှောက်လွှာတင်ခြင်း
- Arabia Magnet လျှောက်လွှာတင်ခြင်း

## DCSD ကျောင်း ရွေးချယ်မှု

DeKalb ကောင်တီ ခရိုင်ကျောင်းသည် DeKalb ကောင်တီတွင်နေထိုင်သော မိသားစုများအား ကျောင်းရွေးချယ်မှုအစီအစဉ်အမျိုးမျိုးအတွက် ကံစမ်းမဲရွေးချယ်မှု အတွက်ဖွင့်ထားသောစာရင်းသွင်းဝင်းအတွင်း လျှောက်ထားရန်ကြိုဆိုပါသည်။ အခွင့်အလမ်းများသည် High Achievers Magnet မှ International Baccalaureate အထိ Dual Language Immersion နှင့် Theme ပရိုဂရမ်များအထိ ပါဝင်သည်။ ကံစမ်းမဲဖြင့် ရွေးချယ်မှုသည် မတ်လ တတိယအပတ်တွင် ဖြစ်သည်။ မိသားစုများ လျှောက်ထားနိုင်သည့်နေရာမှာWWW.DEKALBSCHOOLSGA.ORG/SCHOOL-CHOICE/

ကျောင်းရွေးချယ်မှု အတွက် လွတ်လပ်သော စာရင်းသွင်းမှုသည် ဖေဖော်ဝါရီ 9 ရက် တွင် ကုန်ဆုံးမည်ဖြစ်သည်။ နောက်ထပ်သော အချက်အလက်များအတွက် ဤတွင်ကလစ်နှိပ်ပါ။




အပိုင်း 7 – DCSD Distrito Escolar De DeKalb Te Escucha

https://www.youtube.com/watch?v=puL0Xzr1mGM

# နှစ်မျိုးခွဲ၍ စာရင်းသွင်းမှု (Dual Enrollment)

DeKalb County School District




Georgia ၏ နှစ်မျိုးခွဲ၍ စာရင်းသွင်းမှု အစီအစဉ်သည် ဂရိတ် 10-12 တန်းရှိ အရည်အချင်းပြည့်မီသော ကျောင်းသားများအား မိမိတို့၏ အထက်တန်းကျောင်း ဒီပလိုမာအတွက် ကြိုးစားဆောင်ရွက်လျက်ရှိစဉ် တစ်ဖက်တွင်လည်း ကောလိပ် ခရစ်ဒစ်အား ရယူနိုင်စေမည့် အခွင့်အရေးတစ်ခုကို ပေးအပ်သွားမည် ဖြစ်သည်။

**ယခုပင် ကောလိပ် ခရစ်ဒစ်အား ရယူလိုက်ပါ**

<u>နောက်ထပ်ပိုမိုလေ့လာရန် ကလစ်နှိပ်ပါ</u>

**နောက်ထပ်သော အချက်အလက်များ ရရှိရန်အတွက် သင့် ဒေသခံစာသင်ကျောင်း အကြံပေးအတိုင်ပင်ခံထံသို့ ဆက်သွယ်ပါ**





လက်ကမ်းကြော်ငြာတွင် QR ကုဒ်ကို စကင်ဖတ်ခြင်းဖြင့် ယခုပင် လျှောက်ထားလိုက်ပါ သို့မဟုတ်https://bit.ly/3hvkfrgတွင် လည်းပတ်ကြည့်ရှုပါ။

BURMESE

# Disrupting for Excellence

(အကောင်းဆုံးဖြစ်စေရန်အတွက် ကြားဖြတ်ပါဝင်မှု)

# အထူးစီမံကြီးကြပ်သူဌာနမှူး၏ သတင်းစာစောင်အား သင် ကြည့်ရှုပြီးပါပြီလား။




## ဤသည်မှာ ၎င်းအား သင် ဝင်ရောက်ရယူနိုင်မည်နည်းလမ်း ဖြစ်သည်။

- လူမှုမီဒီယာ @dekalbschools
- ကျောင်း၏ မက်ဆင်ဂျာ (School Messenger)
- ဝက်ဘ်ဆိုဒ် (ခရိုင် နှင့် စာသင်ကျောင်း)
- NewsFlash
- Mail Chimp

စာရင်းသွင်းရန်အတွက် QR ကုဒ်အား စကန်ဖတ်ပါ

DeKalb County School District

Disrupting for Excellence

(Disrupting for Excellence)




https://www.dekalbschoolsga.org/students/medicaid-redetermination-are-you-still-covered/

https://www.dekalbschoolsga.org/students/medicaid-redetermination-are-you-still-covered/